ရသစ်ကျေးရွာ

ရသစ်ကျေးရွာအုပ်စု

တောင်သာမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၃ - ၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ရသစ်ကျေးရွာ ၊ တောင်သာမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး

ဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ် ၊ စက်တင်ဘာ လ

## မာတိကာ


| | | |
|---|---|---|
| စကားချီး | | ၃ |
| ရသစ်ကျေးရွာ၊ ကျေးရွာသယံဇာတပြမြေပုံ၊တောင်သာမြို့နယ် | | ၄ |
| ၁။ | တည်နေရာနှင့်ပထဝီအနေအထား | ၅ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | ၅ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၅-၆ |
| ၄။ | စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၇ |
| | (က) သီးနှံစိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၇ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၈ |
| ၅။ | အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ | ၈ |
| | (က) သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာမီးလင်းရေး | ၈ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၈ |
| ၆။ | ပညာရေး | ၈-၉ |
| ၇။ | ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၉ |
| ၈။ | ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၉ |
| ၉။ | ကျား-မ ရေးရာကိစ္စရပ်များ | ၁၀ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ | ၁၁ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၂ |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၃-၅၉ |
| | နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၆၀-၆၂ |
| | နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | ၆၃-၆၄ |
| | နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) | ၆၅-၆၆ |
| | နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃) | ၆၇-၆၈ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂-၂၀၂၄ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ ပထမဦးဆုံးသောလူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင် ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများ၊ လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် ဦးစားပေးလုပ်ငန်းအစီအစဉ်တို့ပါဝင်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ရသစ်ကျေးရွာ ၊ တောင်သာမြို့နယ်

၂၀၂၂ခုနှစ်၊ စက်တင်ဘာ လ

**၁. တောင်သာမြို့ ရသစ်အုပ်စု၊ရသစ်ကျေးရွာ၏သယံဇာတပြမြေပုံ**



## ၁။ တည်နေရာနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ရသစ်ကျေးရွာသည်မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီးတောင်သာမြို့၏ အနောက်မြောက်ဘက်(၂၂)မိုင်ခန့်တွင် တည်ရှိပါသည်။ကျေးရွာ၏ အရှေ့ဘက်တွင် ချောင်းပေါက်ကျေးရွာ ၊အနောက်ဘက်တွင်သာပေါင်းကျေးရွာ၊ မြောက်ဘက်တွင်ရွာသာအေးကျေးရွာနှင့်တောင်ဘက်တွင်ကန်ရွာကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။ရသစ်ကျေးရွာ၏အကျယ်အဝန်းမှာ(၁၄၀.၃၂)ကေခန့်ကျယ်ဝန်းပြီး အနီးဆုံးမြို့မှာမြင်းခြံမြို့ ဖြစ်ပါသည်။ရသစ်ကျေးရွာသည် မြင်းခြံ–ညောင်ဦးလမ်းမကြီး၏ မြောက်ဘက် (၁)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ရသစ်ကျေးရွာသည် တောင်သာမြို့နှင့် မြင်းခြံမြို့ ကတ္တရာလမ်းဖြင့်(၁၄)မိုင်ခန့်၊မြင်းခြံမြို့မှ ကန်ရွာကျေးရွာထိ ကတ္တရာလမ်းဖြင့် (၇)မိုင်ခန့်နှင့် ကန်ရွာကျေးရွာမှ ရသစ်ကျေးရွာထိ ကျောက်ချောလမ်းဖြင့်(၁)မိုင်ခန့်ဖြစ်ပြီး အချိန်မရွေး သွားလာမှုလွယ်ကူပါသည်။ရသစ်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်သောကျေးရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်ရှိ ယာမြေများမှာ မြေဆီမြေဩဇာ သင့်တင့်ကောင်းမွန်သော ယာမြေများ ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ရသစ်ကျေးရွာ၏ ရာသီဥတုအနေအထားမှာသာမန်အားဖြင့် နွေရာသီတွင်အပူချိန် ၄၁ ံC ရှိတက်ပါသည်။ယခုနှစ်မိုးရာသီတွင်မိုးရွာသွန်းမှုအသင့်အတင့်ရှိပါသည်။ စိုက်ပျိုးရေးအတွက်မိုးရွာသွန်းမှုနှင့်စက်ရေတွင်းမှရေကိုမှီခို၍စိုက်ပျိုးကြသည်။ မိုးရွာသွန်းမှုသင့်တင့်သောကြောင့် သီးနှံအထွက်နှုန်းမှာ အသင့်အတင့်ကောင်းမွန်ပါသည်။လယ်မြေ၊ယာမြေ၊ တောင်ယာမြေ၊ ဥယျာဉ် ခြံမြေနှင့်ကိုင်း/ကျွန်းမြေ စုစုပေါင်းကေ(၅၉၆)ကေရှိပါသည်။ မိုးရာသီတွင်အဓိက စိုက်ပျိုးသီးနှံများမှာနှမ်း၊မြေပဲ၊ကြက်သွန်နှင့်ပြောင်းများဖြစ်ပါသည်။ရသစ်ကျေးရွာတွင် သတ္တုနှင့် အခြားတွင်း ထွက်များ မထွက်ရှိပါ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်နှမ်း၊မြေပဲ၊ကြက်သွန်နှင့်ပြောင်းကို အဓိကစိုက်ပျိုးကြသည်။ သီးနှံများမှာ မိုးရွာသွန်းမှုနှင့်စက်ရေတွင်းမှရေအပေါ်မှီခို၍စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြသည်။ကျေးရွာတွင် မွေးမြူရေးကဏ္ဍအနေဖြင့် လယ်ယာ လုပ်ငန်းတွင် အသုံးပြုရန်အတွက် နွား ကို အဓိကထား မွေးမြူကြသည်။တစ်ပိုင်တစ်နိုင်စီးပွားရေးအနေဖြင့် နွား၊ဆိတ်၊ကျွဲ၊မြင်း၊ဝက် နှင့်ကြက် မျိုးစိတ်များကိုမွေးမြူကြပါသည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်

သော လူဦးရေ အများအပြားရှိပါသည်။ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သော လက်သမား၊ ပန်းရံလုပ်ငန်းလုပ်ကိုင်သူများ၊ရောင်ဝယ်ရေး၊ဝန်ထမ်းနှင့် ပြည်ပသို့သွားရောက်လုပ်ကိုင်သူများ ရှိပါသည်။ကျေးရွာတွင်အထက်တန်းကျောင်းရှိပါသည်။မူလတန်းကျောင်းတက်နှုန်းလည်း မြင့်မားပါသည်။ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိသော်လည်း ကျန်းမာရေးဝန်ထမ်း မရှိပါသဖြင့် ကျေးရွာနှင့်(၂)မိုင်ခန့်ဝေးသော တမိုက်သာကျေးရွာ ကျေးလက်ဆေးပေးခန်း နှင့် (၈)မိုင်ခန့် ဝေးသော ကျောဇီတိုက်နယ်ဆေးရုံ သို့ အခြေခံကျန်းမားရေး စောင့်ရှောက်မှုများကို သွားရောက် ကုသကြပြီး အရေးပေါ်နှင့် ရောဂါကြီးများကို မြင်းခြံမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ကျေးရွာတွင် ကိုယ်ပိုင်အဝီစိတုံကင်ရေတွင်း(၇၇)တွင်း၊ ကိုယ်ပိုင် အဝီစိစက်တပ်ရေတွင်း (၄၄၁)တွင်း ရှိပါသည်။ကိုယ်ပိုင်စက်တပ်ရေတွင်းစုစုပေါင်း(၄၄၁)တွင်းနှင့် တုံကင် ရေတွင်း(၇၇) တွင်းမှာရေချိုဖြစ်သဖြင့် သောက်ရေသုံးရေအဖြစ်အသုံးပြုနိုင်ပါသည်။ ရေတွင်းများ မှာ နွေးမိုး၊ ဆောင်လုံလောက်မှု ရှိပါသည်။ရေအရည်အသွေး စစ်ဆေးခြင်းကိုမူ စစ်ဆေးရခြင်း မရှိသေးပါ။ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲမှုအနေဖြင့် အိမ်ထောင်စု(၅၁၄)စု ရှိသည ရသစ်ကျေးရွာသည် တောင်သာမြို့နှင့် မြင်းခြံမြို့ ကတ္တရာလမ်းဖြင့်(၁၄)မိုင်ခန့်၊ မြင်းခြံမြို့ မှ ကန်ရွာကျေးရွာထိ ကတ္တရာလမ်းဖြင့်(၇)မိုင်ခန့်နှင့် ကန်ရွာကျေးရွာမှ ရသစ်ကျေးရွာထိ ကျောက်ချောလမ်းဖြင့်(၁)မိုင်ခန့်ဖြစ်ပြီးအချိန်မရွေးသွားလာမှုလွယ်ကူပါသည်။ရသစ်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သောကျေးရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်ရှိ ယာမြေ များမှာ မြေဆီ မြေသြဇာ သင့်တင့်ကောင်းမွန်သော ယာမြေများ ဖြစ်ပါသည်။ကျေးရွာတွင် လူမှုရေး၊ ဘာသာရေးကို အခြေခံ၍ ပရဟိတအဖွဲ့အစည်း(၃)ဖွဲ့ရှိပါသည်။၄င်းအဖွဲ့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်လျှက် ရှိပါသည်။ ကျေးရွာမှာ အဖွဲ့အစည်း ဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အသင့်အတင့် ရှိကြသည်။ရသစ်ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုတွင် အုပ်ချုပ်ရေးမှူး၊ ရွာခွဲတာဝန်ခံ နှင့် ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပေါင်းညှိနှိုင်း၍ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စီမံဆောင်ရွက်စေခြင်း၊ပညာရေးဆိုင်ရာလုပ်ငန်းများတွင် စာသင်ကျောင်း၏ အကျိုးတော်ဆောင်ကော်မတီများဖွဲ့စည်း၍ စီမံဆောင်ရွက်စေခြင်း၊သာရေး၊နာရေး လုပ်ငန်းများ တွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာ ပိုင်ပစ္စည်းများ ထိန်းသိမ်းခြင်း၊ကျေးရွာရန်ပုံငွေရှာဖွေခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲ စေခြင်း၊ လူငယ်အဖွဲ့များ ၊အမျိုးသမီးအဖွဲ့များမှ စီမံခန့်ခွဲဆောင်ရွက်စေခြင်းစသောဖွံ့ဖြိုးရေး ဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်းအလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက် ကြပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) **သီးနှံစိုက်ပျိုးရေး။** ။ကျေးရွာတွင်နှမ်း၊မြေပဲ၊ကြက်သွန်နှင့်ပြောင်း ကိုအဓိက စိုက်ပျိုးကြသည်။သီးနှံများမှာမိုးရွာသွန်းမှုနှင့်စက်ရေတွင်းမှရေအပေါ်မှီခို၍စိုက်ပျိုး ကြသည်။စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြသည်။ ယခုနှစ်တွင် စိုက်ပျိုးမြေ အရည်အသွေးသင့်တင့် ကောင်းမွန်သောကြောင့် မိုးရွာသွန်းမှု အသင့်အတင့် ကောင်းမွန်သောကြောင့် သီးနှံအထွက်နှုန်းမှာလည်း အသင့်အတင့် ကောင်းမွန် ပါသည်။လယ်ယာလုပ်ငန်းကို အဓိကထားစိုက်ပျိုးသည့် ကျေးရွာ ဖြစ်သည့်အတွက် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးရန် စိုက်ပျိုးရေး နည်းပညာ သင်တန်းများဖွင့်လှစ်ပေးရန်လိုအပ်သည်။

(ခ) **မွေးမြူရေးလုပ်ငန်း။** ။ကျေးရွာတွင် မွေးမြူရေးကဏ္ဍအနေဖြင့်လယ်ယာ လုပ်ငန်းတွင်အသုံးပြုရန်အတွက်နွားကိုအဓိကထားမွေးမြူကြသည်။ ကျေးရွာတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေးကဏ္ဍအနေဖြင့် တစ်ချို့အိမ်ထောင်စုများမှာ ဆိတ်၊ ကျွဲ၊မြင်း၊ဝက်နှင့် ကြက်များကိုမွေးမြူကြပါသည်။ကျေးရွာတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေးကဏ္ဍအနေဖြင့် စီးပွားဖြစ်မွေးမြူနိုင်ပါက စီးပွားရေးပိုမို အဆင်ပြေလာ နိုင်ပါသည်။ တိရစ္ဆာန်များမှာရာသီအလိုက်ဖြစ်တက်သောရောဂါများကြောင့်လည်း သေဆုံးမှု များရှိတက်သည်။သို့ဖြစ်ပါ၍ တိရစ္ဆာန်ကာကွယ်ဆေးပုံမှန် ထိုးပေးရန် လိုအပ်ပါသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ။** ။စိုက်ပျိုးမွေးမြူရေး မရှိသောသူအများစုမှာ ပြည်ပသို့သွားရောက်လုပ်ကိုင်ခြင်း၊တောင်သူနေ့စား၊ ဈေး ရောင်း၊ဝန်ထမ်းနှင့် ပန်းရံလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဆောက်လုပ်ရေး လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော်လည်း ကျွမ်းကျင်မှု အားနည်းကြသည်။ လျှပ်စစ်မီးရရှိသော်လည်း အသက်မွေးဝမ်းကြောင်း နည်းပညာဝန်ဆောင်မှုများ မရှိခြင်း၊ အသက်မွေးဝမ်းကြောင်းပြုသော ပညာကို ကျွမ်းကျင်စွာ တက်မြောက်မှု မရှိခြင်းကြောင့် အသက်မွေးဝမ်းကြောင်း သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ် ပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု။** ။ရသစ်ကျေးရွာရှိ တောင်သူ အချို့မှာ သမဝါယမချေးငွေ၊ဟေမာန်မန့်၊Alliance၊BGနှင့် Pact Myanmar တို့မှချေးငွေ ရရှိကြသည်။စိုက်စရိတ်ချေးငွေမလုံလောက်ခြင်းနှင့်ထုတ်ချေးသည့် အချိန်နှင့် သီးနှံစိုက်ပျိုးသည့် အချိန်မကိုက်ညီခြင်းစသည့် အခက်အခဲများ ရှိသည်။

## အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) **ကျေးလက်သယ်ယူပို့ဆောင်ရေး။** ။ရသစ်ကျေးရွာတွင် သယ်ယူပို့ဆောင်ရေး အတွက်မော်တော်ဆိုင်ကယ်နှင့်ကားများကိုအသုံးပြုကြပြီး လယ်တောထုတ်ကုန်များကိုမူ နွားလှည်း၊ ထွန်းစက်များဖြင့် သယ်ယူကြသည်။ရသစ်ကျေးရွာသည် တောင်သာမြို့ နှင့် မြင်းခြံမြို့ ကတ္တရာလမ်းဖြင့်(၁၄)မိုင်ခန့်၊ မြင်းခြံမြို့မှ ကန်ရွာကျေးရွာထိ ကတ္တရာလမ်းဖြင့်(၇)မိုင်ခန့်နှင့် ကန်ရွာကျေးရွာမှ ရသစ်ကျေးရွာထိ ကျောက်ချောလမ်းဖြင့်(၁)မိုင်ခန့်ဖြစ်ပြီး အချိန်မရွေး သွားလာမှု လွယ်ကူပါသည်။

(ခ) **ကျေးရွာမီးလင်းရေး။** ။ရသစ်ကျေးရွာသည်လျှပ်စစ်မီးအသုံးပြုနိုင်ပါသည်။ အိမ်ထောင်စု(၅၁၄)စုရှိပြီးကျေးရွာ၏အိမ်ထောဆိုင်စု(၅၀၇)စုမှာမဟာဓါတ်အားလိုင်း မှ လျှပ်စစ်မီးကိုအသုံးပြုပြီး၊အိမ်ထောင်စု(၇)မှာဆိုလာစနစ်ကို အသုံးပြုပြီး မီးလင်းရေး ကို သုံးစွဲလျှက်ရှိပါသည်။

(ဂ) **သတင်းနှင့်ဆက်သွယ်ရေး။** ။ရသစ်ကျေးရွာတွင် ဖုန်းတိုင်များကျေးရွာအနီးတွင် ရှိသောကြောင့် ဆက်သွယ်ရေးဆိုင်ရာ ကောင်းမွန်ပါသည်။လျှပ်စစ်မီးရရှိသောကြောင့် TV၊စလောင်းမှ ဗဟုသုတ အစီအစဉ်များလည်း ကြည့်ရှု နိုင်ကြသည်။

## ၆။ ပညာရေး

ကျေးရွာတွင်အထက်တန်းကျောင်းရှိသဖြင့် မူလတန်း၊ အလယ်တန်း နှင့် အထက်တန်း အဆင့်များကိုကျေးရွာတွင်သာသင်ကြားနိုင်ပါသည်။ကျောင်းဆောင်ပင်မ(၅)ဆောင်၊ပျဉ်းကာ (၁) ဆောင်နှင့်ထရံကာ(၁)ဆောင်ရှိပြီး ထရံကာ (၁)ဆောင်မှာ ပြုပြင်ရန် လိုအပ်လျက်ရှိပါသည်။ ကျောင်းသုံးပရိဘောဂနှင့်စာရေးကိရိယာများ လုံလောက်မှုရှိပါသည်။ မသန်းစွမ်သူများအတွက် အထူးအစီအစဉ်မရှိပါ။မူလတန်းကျောင်းတက်နှုန်း မြင့်မားပါသည်။ အလယ်တန်း၊ အထက်တန်း

နှင့် တက္ကသိုယ်သို့ တက်ရောက်နိုင်ရန်အတွက် ငွေကြေး အခက်အခဲများကြောင့် တက်ရောက်နိုင်သူ နည်းပါးပါသည်။

## ၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိသော်လည်း ကျန်းမာရေးဝန်ထမ်းမရှိပါသဖြင့် ကျေးရွာနှင့်(၂)မိုင်ခန့်ဝေးသောတမိုက်သာကျေးရွာကျေးလက်ဆေးပေးခန်းနှင့်ကျေးရွာနှင့်(၈)မိုင်ခန့်ဝေးသောကျော့ဇီတိုက်နယ်ဆေးရုံသို့အခြေခံကျန်းမားရေးစောင့်ရှောက်မှုများကို သွားရောက်ကုသကြပြီး အရေးပေါ်နှင့်ရောဂါကြီးများကိုမြင်းခြံမြို့ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ကျေးရွာတွင် ကိုယ်ပိုင်အဝီစိတုံကင် ရေတွင်း(၇၇)တွင်း၊ ကိုယ်ပိုင်အဝီစိစက်တပ်ရေတွင်း (၄၄၁)တွင်း ရှိပါသည်။ကိုယ်ပိုင်စက်တပ်ရေတွင်းစုစုပေါင်း(၄၄၁)တွင်းနှင့် တုံကင်ရေတွင်း(၇၇)တွင်းမှာရေချိုဖြစ်သဖြင့် သောက်ရေသုံးရေအဖြစ်အသုံးပြုနိုင်ပါသည်။ ရေတွင်းများမှာ နွေးမိုး၊ဆောင်လုံလောက်မှု ရှိပါသည်။ရေအရည်အသွေး စစ်ဆေးခြင်းကိုမူ စစ်ဆေးရခြင်းမရှိသေးပါ။ကျေးရွာတွင် ယင်လုံ အိမ်သာသုံးစွဲမှုအနေဖြင့် အိမ်ထောင်စု(၅၁၄)စု ရှိသည်။

## ၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရသစ်ကျေးရွာရှိစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်ခြင်းကြောင့်ပိုးသတ်ဆေး နှင့်ဓာတုမြေသြဇာများ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့်ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစားဓါတုပိုးသတ်ဆေးများကိုသာအသုံးပြုမှုများပြားသည့်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်းပလက်စတစ်အိတ်၊ ပုလင်းခွံ၊ ဗူးခွံများကိုစနစ်တကျမစွန့်ပစ်ကျသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများမြင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာတွင်အပူချိန်မြင့်မား၍မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးမှုနှင့်ကြုံတွေ့ရပြီး လေပြင်းများတိုက်ခတ်ခြင်း၊မိုးသီးများကြွေကျခြင်း၊မိုးသည်းထန်စွာရွာသွန်းနိုင်ခြင်းတို့ကြောင့်လူနေအိမ်များပျက်စီးနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများဆုံးရှုံးနိုင်ခြင်းစသော ဘေးအန္တရာယ်များလည်းဖြစ်ပေါ်လာနိုင်ပါသည်။ သို့ပါ၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားသင့်ပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်များ

ရသစ်ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာလွတ်လပ်မှုရှိသည်။ကျား- မ ရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်မူ ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားမှုမရှိ၍ဆောင်ရွက်နိုင်မှုအားနည်းကြသည်။ကျေးရွာတွင်ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။

ရသစ်ကျေးရွာတွင် ဓမ္မာစကြာအဖွဲ့(၁)ဖွဲ့ရှိပြီးနှစ်စဉ်ဝါတွင်းကာလ လပြည့် လကွယ်နေ့များ တွင် သံဃာဆွမ်းလောင်းခြင်း၊ ဓမ္မာစကြာရွတ်ဖတ်ပူဇော်ခြင်း ၊ ပဋ္ဌာန်းဒေသနာများရွတ်ဆို ပူဇော် ကြပါသည်။ သီးတင်ကျွတ်လတွင် ကျေးရွာဘုရားပွဲရှိ၍ ဆွမ်းလောင်းလှူကြသည်။ကျေးရွာရှိ ပညာ ရေး၊ကျန်းမာရေးလုပ်ငန်းများတွင် အမျိုးသားများနှင့်တန်းတူရင်ဘောင်တန်း၍ပူးပေါင်းဆောင်ရွက် ကြပါသည်။

စိုက်ပျိုးရေးတွင်လုပ်ကိုင်ကြသောအမျိုးသားများ၏ ပျှမ်းမျှတစ်ရက်အများဆုံးလုပ်အားခမှာ (၈၀၀၀ိ/-) ကျပ်နှင့် အမျိုးသမီးများအတွက်လုပ်အားခ(၆၀၀ဝိ/-)ရရှိပြီး အမျိုးသားများအတွက် အနည်းဆုံးလုပ်အားခ (၆၀၀ဝိ/-) နှင့်အမျိုးသမီးများအတွက် (၅၀၀ဝိ/-)ရရှိပါသည်။ ဆောက်လုပ် ရေးလုပ်ငန်းများတွင်ကျွမ်းကျင်သောလက်သမား၊ပန်းရံလုပ်သားများအတွက်လုပ်အားခ(၁၀၀၀ဝိ/-) ရရှိပြီးနောက်လိုက်လုပ်သားအတွက်လုပ်အားခ(၈၀၀ဝိ/-)နှင့် အမျိုးသမီးများအတွက်လုပ်အားခ (၈၀၀ဝိ/-)ရရှိပါသည်။နေ့တွက်လုပ်အားခများတွင်အမျိုးသားများကအမျိုးသမီးများထက်လုပ်အားခ ပိုမိုရရှိကြသည်။

## ၅. ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | စီမံချက်အမည် | ဦးစားပေး<br>အဆင့် |
|---|---|---|
| ၁ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁ |
| ၂ | စာသင်းကျောင်းခြံစည်းရိုးကာရံခြင်း | ၂ |
| ၃ | ရင်းနှီးရန်ပုံငွေ(မြစိမ်းရောင်စီမံကိန်း၊ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း) | ၃ |
| ၄ | ကုန်ထုတ်လမ်းခင်းခြင်း | ၄ |
| ၅ | ကျေးလက်ကျန်းမာရေးဌာနခွဲအဆင့်မြှင့်တင်ခြင်း | ၅ |

**နောက်ဆက်တွဲ (၁)**

## ရသစ်ကျေးရွာ ၊ ရသစ်ကျေးရွာအုပ်စုကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမြင့်ရွှေ | ဦးအောင်ညွှန့် | ၉/တသန(နိုင်)၀၁၃၃၄၂ | ၆၄ | ဥက္ကဋ္ဌ | ၀၉-၇၉၁၁၅၄၀၂၃ |
| ၂ | ဒေါ်အေးသင်း | ဦး ကြာညွှန့် | ၉/တသန(နိုင်)၁၀၅၃၀၇ | ၄၃ | ဝယ်ယူရေးဥက္ကဋ္ဌ | ၀၉-၆၆၄၇၆၉၈၉၉ |
| ၃ | ဦးမျိုးလွင်ဦး | ဦးသန်းအောင် | ၉/တသန(နိုင်)၀၁၃၃၇၃ | ၅၄ | ဘဏ္ဍာရေးမှူး | ၀၉-၄၅၁၉၄၃၉၅၅ |
| ၄ | ဦးမျိုးဝင်း | ဦးအောင်ညွှန့် | ၉/တသန(နိုင်)၀၁၃၂၇၃ | ၅၄ | စာရင်းကိုင် | ၀၉-၄၂၆၈၈၀၃၂၂ |
| ၅ | ဦးငွေဝင်း | ဦးကုလား | ၉/တသန(နိုင်)၀၁၃၁၀၁ | ၅၄ | အဖွဲ့ဝင် | ၀၉-၄၄၇၄၁၇၅၁၉ |
| ၆ | ဦးကျော်သက် | ဦးကြာညွှန့် | ၉/တသန(နိုင်)၀၁၃၈၈၁ | ၅၂ | အဖွဲ့ဝင် | ၀၉-၆၆၇၈၆၇၇၇၂ |
| ၇ | ဦးပေါ်ဒွေး | ဦးငါး | ၉/တသန(နိုင်)၁၆၇၁၇၄ | ၄၅ | အဖွဲ့ဝင် | ၀၉-၄၄၃၇၆၃၆၄၄ |
| ၈ | ဒေါ်တင်နွဲ့ရီ | ဦးသာရှင် | ၉/တသန(နိုင်)၁၆၆၉၉၉ | ၅၂ | အဖွဲ့ဝင် | ၀၉-၆၆၄၇၆၃၃၄၆ |
| ၉ | ဒေါ်လွင်လွင်အောင် | ဦးခင်မောင်မြင့် | ၉/တသန(နိုင်)၁၅၇၇၇၆၅ | ၃၃ | အဖွဲ့ဝင် | ၀၉-၆၈၇၈၆၀၅၀၈ |
| ၁၀ | ဒေါ်ခိုင်ခိုင်ဦး | ဦးသံလုံး | ၉/တသန(နိုင်)၁၆၇၀၃၇ | ၃၇ | အဖွဲ့ဝင် | ၀၉-၉၈၃၁၉၂၈၂၃ |
| ၁၁ | ဒေါ်စန်းစန်းထွေး | ဦးအောင်ကြည် | ၉/တသန(နိုင်)၀၀၁၇၀၁ | ၅၀ | အဖွဲ့ဝင် | ၀၉-၇၉၄၂၃၄၁၆၁ |
| ၁၂ | ဒေါ်စန်းအေး | ဦးမြအောင် | ၉/တသန(နိုင်)၁၂၈၅၂၅ | ၄၉ | အဖွဲ့ဝင် | ၀၉-၄၀၄၁၃၅၁၅ |
| ၁၃ | ဦးမောင်စိုး | ဦးချစ်ဆန်း | ၉/တသန(နိုင်)၁၂၀၀၆၈ | ၄၇ | အတွင်းရေးမှူး | ၀၉-၄၅၈၂၉၈၂၀၈ |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၁၀ | ၁၇ | - | - |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၄၈ | ၄၄ | ၉၂ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၇၈ | ၇၆ | ၁၅၄ | ၁ | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၈၂ | ၉၈ | ၁၈၀ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၉၂၇ | ၁၁၉၁ | ၂၁၁၈ | ၃ | - |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၇၈ | ၁၁၂ | ၁၉၀ | - | - |
| **စုစုပေါင်း** | | ၁၂၂၀ | ၁၅၃၁ | ၂၇၅၁ | ၄ | - |
| **စုစုပေါင်း အိမ်ထောင်စု** | | ၅၁၄ | | | | |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက် (၁)နှစ်ပြည့်အရွယ်မှ (၅)နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာ အသက်(၅)နှစ်ပြည့်သည်မှအသက်(၁၀)နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက်(၁၀) နှစ်ပြည့်သည်မှ အသက်(၁၅)နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ် ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့် သည်မှ အသက်(၆၅)နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာ အသက်(၆၅)နှစ်ပြည့် အရွယ် နှင့်၎င်းထက်အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ရသစ်ကျေးရွာတွင်အိမ်ထောင်စုပေါင်း(၅၁၄)စုရှိ၍လူဦးရေမှာ ကျား(၁၂၂၀)ဦး နှင့် မ(၁၅၃၁)ဦး စုစုပေါင်း(၂၇၅၁)ဦးရှိပါသည်။တစ်အိမ်ထောင်ပျမ်းမျှလူဦးရေမှာ (၅.၃၅)ဦး ဖြစ်သဖြင့် နိုင်ငံတကာလူဦးရေနှင့်နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးမှုသင့်တင့်ပါသည်။တစ်နှစ်အောက် ကလေးငယ်မှာ (၀.၆၁%)၊ ၁နှစ်မှ၃နှစ်အထိ(၃.၃၄%)၊၅နှစ်မှ၉နှစ်အထိ(၅.၅၉%)၊ ၁၀နှစ်မှ၁၄နှစ်အထိ(၆.၅%)၊ ၁၅နှစ်မှ၆၄နှစ် အထိ (၇၆.၉၉%)နှင့်၆၅နှစ်နှင့်အထက်(၆.၉%)ဖြစ်ပါသည်။၁၅နှစ်မှ၆၄နှစ်အထိ အလုပ်လုပ်နိုင်သည့်အရွယ် ရာခိုင်နှုန်းမှာ (၆၉.၇၃%) ဖြစ်သဖြင့် ရသစ်ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများ ရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်တွင် ပြည်တွင်းပြည်ပသို့ သွားရောက် လုပ်ကိုင်နေသူ များလည်း ပါဝင် ပါသည်။

### (ခ)အလုပ်လုပ်နိုင်သူအင်အား

### (ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၈၂ | ၁၂၂၇ | ၇၆ | ၆၀၀ | ၆၂၇ | ၉၁ | မြင့် ☑ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၈၄ | ၆၂၉ | ၉၈ | ၂၄၀ | ၃၈၉ | ၆၂ | မြင့် ☐ လတ်☑နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၁၀ | - | ၇ | ၂ | ၈ | မြင့် ☐ လတ်☐နိမ့် ☑ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | - | ၁ | | မြင့် ☐ လတ်☐နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၁ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၅ | ၇၁ | ၉ | ၂၆ | ၄၅ | ၁၂ | မြင့် ☐ လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့်ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | | | | ဦးရေ | | | |
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ကျား | မ | | |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | ၈ | ၁၄ | ၁ | ၆ | ၈ | ၁၃ | မြင့် ☐ လတ်☐နိမ့် ☑ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | | | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | **စုစုပေါင်း** | ၅၁၄ | ၁၉၅၁ | ၁၈၄ | ၈၇၉ | ၁၀၇၂ | ၂၈၆ | ☒ |

ရင်းမြစ်**…**(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။‘‘**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**”အရေအတွက်တွင် ‘‘ **မိသားစုဝင်လုပ်အား**” ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ ‘‘ **ရပ်တည်နိုင်မှု(နိမ့်၊လတ် ၊ မြင့်)**” ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်း အဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု၊ဝင်ငွေစသည့် အခြေအနေကိုဆိုလိုပါသည်။ ဥပမာ -‘‘ **စိုက်ပျိုးရေးကဏ္ဍ** ”၏ “ **ကိုယ်ပိုင်လုပ်ငန်း** ”တွင်ရပ်တည်နိုင်မှု“ **မြင့်** ” ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်း များနေသည် ဝင်ငွေကောင်းနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ရသစ်ကျေးရွာတွင်အဓိကဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး မွေးမြူရေးလုပ်ငန်းကိုလည်းတစ်ပိုင်းတစ်နိုင်မွေးမြူကြပါသည်။အခြားလုပ်ငန်းများမှာရောင်းဝယ်ရေး၊ဝန်ထမ်း၊ပြည်ပသို့သွားရောက်လုပ်ကိုင်ခြင်း၊ပန်းရံလုပ်ငန်းနှင့်အများစုမှာကြုံရာကျပန်းလုပ်ငန်းများ ကို လုပ်ကိုင်ကြပါသည် ကိုလေ့လာတွေ့ရှိရပါသည်။

## (ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

**ဇယား(၃)လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ငေ်း နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁)လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂)နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ရသစ်ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်အားခမှာ အမျိုးသားများအတွက်အများဆုံးလုပ်အားခ(၈၀၀ဝိ/-)နှင့် အမျိုးသမီးများ အတွက် လုပ်အားခမှာ(၆၀၀ဝိ/-)နှင့်အနည်းဆုံးခလုပ်အားခမှာအမျိုးသား(၆၀၀ဝိ/-)နှင့် အမျိုးသမီး(၅၀၀ဝိ/-)၊ ပန်းရံ၊လက်သမားများ၏ဆရာအဆင့်လုပ်အားခမှာ တစ်နေ့(၁၀၀၀ဝိ/-)ကျပ် နောက်လိုက်အဆင့်မှာ (၈၀၀၀/-)ရရှိနိုင်ကြသည်။အမျိုးသမီးများမှာအများဆုံး(၈၀၀ဝိ/-)နှင့်အနည်းဆုံး(၆၀၀ဝိ/) ရရှိကြပါ သည်။နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်မှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၄)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၄ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ/တောင်ယာမြေ | ၃၅၇ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၅၁ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၁၅၄ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စုစုပေါင်း | ၅၉၆ | ☒ |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊(၄)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့်သီးစားခံယူ လုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့)မွေးမြူရေး လုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ရသစ်ကျေးရွာတွင် ယာမြေ၊ လယ်မြေ၊ ကိုင်း/ကျွန်းမြေ နှင့် ဥယျာဉ်ခြံမြေ စုစုပေါင်း (၅၉၆) ဧက ရှိပါသည်။ ယာမြေ၊ လယ်မြေ၊ ကိုင်း/ကျွန်းမြေ နှင့် ဥယျာဉ်ခြံမြေမှာ မိုးရေနှင့် စက်ရေတွင်းမှရေကိုအဓိကထား၍စိုက်ပျိုးကြပါသည်။မြစ်ကမ်းဘေးကျေးရွာဖြစ်သောကြောင့် ကိုင်း၊ ကျွန်း၊ ဓနိတော မြေများရှိသည်ကိုလေ့လာ တွေ့ရှိရပါသည်။

## (၈-၂) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ခာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ☐ | လျော့☑ တိုး☐ အပြောင်းအလဲမရှိ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☑ နည်း☐ မရှိ☐ | ☒ | လျော့☐ တိုး☑ အပြောင်းအလဲမရှိ☐ |
| ရေ-မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း) | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ☐ | လျော့☑ တိုး☐ အပြောင်းအလဲမရှိ☐ |
| ရေ-မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ☐ သင့်☑ နည်း☐ မရှိ☐ | ☑ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☑ |
| သစ်တော-အပူပိုင်းသစ်တော | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ☐ | လျော့☑ တိုး☐ အပြောင်းအလဲမရှိ☐ |
| သစ်တော-ဒီရေတောများ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ရသစ်ကျေးရွာအနီးပတ်ဝန်းကျင်တွင် သတ္တုနှင့်အခြားတွင်းထွက် သံယဇာတနှင့်ကျောက်၊သဲနှင့်ကျောက်စရစ်များမထွက်ပါ။ နွားစားဆေးဖက်ဝင်အဖြစ် မြေပဲရိုး၊ ပြောင်းရိုး၊ ရှားစောင်းလပတ်၊ နွယ်ချို၊ ဆင်တုန်းမနွယ်အပင်များ အတော်အသင့်ရှိပါကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ် ရှိသော အိမ်ထောင်စု | မပြေလည် သော အိမ်ထောင်စု | အလွန်မပြေလည်ေ ော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း(သို့)မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား(ဝင်ငွေ) အလွန်ကောင် | စီးပွား(ဝင်ငွေ) အသင့်အတင့် | စီးပွား(ဝင်ငွေ) နည်း | စီးပွား(ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | **၅၀** | **၂၅၆** | **၁၂၃** | **၈၅** |

ရင်းမြစ်…(၁)ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ရသစ်ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားအသက်မွေးကြသော ကျေးရွာဖြစ်ပြီး အဆင်ပြေသော အိမ်ထောင်စု နှင့်အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ တောင်သူလယ်သမားကြီးများ နှင့်ပြည်ပသို့ သွားရောက် လုပ်ကိုင်ခြင်းဖြစ်ပါသည်။ မပြေလည်သော အိမ်ထောင်စုများလည်း မြေဧကအနည်းငယ် ရှိသူများနှင့် မြေယာမဲ့များ ဖြစ်သည်။ ၎င်းအိမ်ထောင်စု များလည်းတောင်သူကူလီများနှင့် ကြာပန်း လုပ်ကိုင်သူများဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ---------------<br>အစာလျှော့စား = ---------------<br>အထောက်အပံ့ယူ = ---------------<br>ချေးယူ = ---------------<br>လုပ်အားခကြိုယူ = --------------- |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | အခြားအစားပြောင်းလဲစား = ---------------<br>အစားလျှော့စား = ---------------<br>အထောက်အပံ့ယူ = ---------------<br>ချေးယူ = ---------------<br>လုပ်အားခကြိုယူ = --------------- |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | အခြားအစားပြောင်းလဲစား = ---------------<br>အစားလျှော့စား = ---------------<br>အထောက်အပံ့ယူ = ---------------<br>ချေးယူ = ---------------<br>လုပ်အားခကြိုယူ = --------------- |

ရင်းမြစ်..ဥစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ -

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆၄နှစ်နှင့်အထက် | ၂ | ၅ | ၇ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၂ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၈ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရသစ်ကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုး ၆၄ နှစ်အထက် ကျား(၂)ဦးနှင့်မ(၅)ဦးရှိပါသည်။မသန်းစွမ်းသည့် ပုဂ္ဂိုလ် မရှိပါ။သို့သော်လည်း ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု(၁၂)စုနှင့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု (၈)စု ရှိသည် ကိုလေ့လာ တွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေး အစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု အခြေအနေ(မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု(ထိခိုက်မှု လျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | | | | | |
| ၃ | မုန်တိုင်းဒီရေ | | | | | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | လျှော်ငြ | | | | | | |
| ၈ | အပူလှိုင်း | √ | | | √ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | √ | | | √ | | |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |
| ၁၂ | မိုးခေါင်းခြင်း | | √ | | √ | | |
| ၁၃ | တောမီးလောင်းခြင်း | | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | | | | | | |
| | လူကြောင့်ဖြစ်တဲ့ ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု အခြေအနေ(မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု(ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၁၈ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊ရေ) | | √ | | √ | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | √ | | | √ | | |
| ၂၁ | ငှက်ဖျားရောဂါ | | | | | | |
| ၂၂ | တီဘီရောဂါ | √ | | | √ | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | | | | | |
| ၂၄ | ကပ်ရောဂါ | √ | | | | √ | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | | | | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျဆင်းမှု | √ | | | √ | | |
| ၂၇ | လူကုန်ကူးခြင်း | | | | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည့် | | | | | | |

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊**အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။**

**မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ထိခိုက်မှုရှိပါက ကျေးရွာ၏မည့်သို့သော်အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။**

**(ဥပမာ။ ။အိမ်ထောင်စု(၁၀၀)တွင် (၂၅)အိမ်ထောင်စုအောက်– နိမ့်**

**အိမ်ထောင်စု(၁၀၀)တွင် (၂၅)မှ(၅၀)အိမ်ထောင်စု – လတ်**

**အိမ်ထောင်စု(၁၀၀)တွင် (၅၀)အိမ်ထောင်စုအထက် –မြင့်**

လေ့လာတွေ့ရှိချက်။ ။ရသစ်ကျေးရွာတွင် စားနပ်ရိက္ခာဖူလုံမှုရှိပါသည်။ကျေးရွာ၏ အနီးပတ်ဝန်းကျင်တွင် ပင်လယ်နှင့် မြစ်များ မရှိသဖြင့်ရေကြီးခြင်း၊ဆားငံရေဝင်ရောက်ခြင်း၊ မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှုနှင့် မီးဘေးအန္တရာယ်ကျရောက်မှုများမရှိပါ။ မုန်တိုင်းတိုက်ခတ်မှု မရှိဘဲ တခြားဒေသများသို့မုန်တိုင်းတိုက်ခတ်ပါကမုန်တိုင်း၏အရှိန်ကြောင့်မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ် ခြင်းများရှိပါသည်။ငှက်ဖျားရောဂါ၊ကိုယ်ခံအားကျဆင်းမှုရောဂါများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

